ဆက်သွယ်ရေးဥပဒေ ပြင်ဆင်ရေးနှင့် ပုဒ်မ ၆၆ (ဃ) ဖျက်သိမ်းရေးလှုပ်ရှားမှု ပူးပေါင်းအဖွဲ့
**Coalition on the Movement for**
**the Telecommunications Law Reform and Art.66D Abolishment**

mmtelecomlaw@lists.riseup.net

၂၀၁၇ခုနှစ်၊ ဇွန်လ ၂၄ ရက်။

## သတင်းထုတ်ပြန်ချက်

## ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆ (ဃ)အား ပယ်ဖျက်ရန် အရပ်ဖက်အဖွဲ့များ အစိုးရနှင့် လွှတ်တော်အား တောင်းဆို

အသရေဖျက်မှုကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ထားသည့် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆ (ဃ)ဖြင့် အွန်လိုင်းပေါ်တွင် ပြောဆိုရေးသားမှုများအား "အသရေဖျက်မှု" ဖြင့် ဖမ်းဆီးအရေးယူမှုများ လက်ရှိ အစိုးရလက်ထက်တွင် သိသိသာသာ တိုးမြင့်လာလျက်ရှိရာ လူ့ရပိုင်ခွင့်များအပေါ် ထိခိုက်မှုများကြောင့် **<u>ပုဒ်မ ၆၆ (ဃ)အား ဖျက်သိမ်းရန် အပါအဝင် ဆက်သွယ်ရေးဥပဒေအား ပြင်ဆင်ရန်</u>** အရပ်ဖက်အဖွဲ့အစည်း ၂၂ ဖွဲ့ပူးပေါင်းပါဝင်သည့် **"ဆက်သွယ်ရေး ဥပဒေ ပြင်ဆင်ရေးနှင့် ပုဒ်မ ၆၆ (ဃ) ဖျက်သိမ်းရေးနှင့် လှုပ်ရှားမှုပူးပေါင်းအဖွဲ့"** က သုံးသပ် တောင်းဆိုချက်များကို သက်ဆိုင်ရာ အစိုးရဝန်ကြီးဌာနနှင့် လွှတ်တော်က တာဝန်ရှိသူများနှင့် ဇွန်လ ၂၂ ရက်နေ့က နေပြည်တော်တွင် တွေ့ဆုံ ဆွေးနွေးခဲ့ပါသည်။

ပုဒ်မ ၆၆ (ဃ)တွင် ဖော်ပြထားသော ပြစ်မှုများသည် ရာဇသတ်ကြီးနှင့် ၂၀၁၅ခုနှစ်က အသစ်ပြင်ဆင်လိုက်သည့် သက်သေခံအက်ဥပဒေတို့တွင် လုံလောက်စွာပါဝင်ထားပြီးဖြစ်ခြင်း၊ ပုဒ်မ ၆၆ (ဃ)ကို အသုံးပြု ဖမ်းဆီးအရေးယူမှုများတွင် တရားမျှတမှုကင်းမဲ့၍ ဥပဒေ၏အနှစ်သာရ ဆိတ်သုဉ်းနေခြင်းများကြောင့် ၁။) လွတ်လပ်စွာထုတ်ဖော်ပြောဆို ရေးသားခွင့် အပါအဝင် လူ့ရပိုင်ခွင့်များအပေါ်သက်ရောက်လာနေခြင်း ၂။) အစိုးရ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အဟန့်အတားဖြစ်စေခြင်း ၃။) ဥပဒေကို အလွဲသုံးစားလုပ်မှုများကြောင့် တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူလူထု ဘဝလုံခြုံရေးကိုပါ ထိခိုက်လာ နေခြင်းများကြောင့် အဖွဲ့အနေဖြင့် တောင်းဆိုချက် သုံးရပ်ဖြစ်သည့် **၁။ ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ) အား အပြီးပယ်ဖျက်ရန် ၂။ ဆက်သွယ်ရေးဥပဒေပါ အခြားပုဒ်မများအားပြင်ဆင်ရန် ၃။ ဥပဒေပြင်ဆင်ရာအဆင့်တိုင်းတွင် အများပြည်သူပါဝင်သော ညှိနှိုင်းဆွေးနွေးတိုင်ပင်မှုများ ဆောင်ရွက်ရန်** တို့ကို တောင်းဆိုခဲ့သည်။ (အဖွဲ့၏ ပူးပေါင်း ကြေညာချက်ကို ပူးတွဲပါ စာတမ်းတွင် ဖတ်ရှုနိုင်ပါသည်။)

ပူးပေါင်းအဖွဲ့၏ သုံးသပ်ချက်နှင့်တောင်းဆိုချက်များကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန နှင့် အမျိုးသား လွှတ်တော်ဥပဒေကြမ်းကော်မတီနှင့် တွေ့ဆုံတင်ပြဆွေးနွေးခဲ့ပါသည်။ အဖွဲ့သည် ပြည်သူ့လွှတ်တော်နှင့် ဥပဒေရေးရာ နှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့အားလည်း တွေ့ဆုံခွင့် တောင်းဆိုခဲ့သော်လည်း တွေ့ဆုံ ခွင့် မရရှိခဲ့ပါ။

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီနှင့်တွေ့ဆုံရာတွင် အတွင်းရေးမှူးဒေါက်တာမြတ်ဉာဏစိုးနှင့်အတူကော်မတီ အဖွဲ့ဝင်များက လွှတ်တော်သို့ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် မည်သည့်လွှတ်တော်အမတ်ကမှ ဆက်သွယ်ရေး ဥပဒေအား ပြင်ဆင်သည့်ဥပဒေကြမ်း တင်သွင်းလာခြင်းမရှိသေးကြောင်း၊ အကယ်၍ တင်သွင်းလာသည့်အခါ အဖွဲ့၏ ဆွေးနွေးချက်များကို ထည့်သွင်းသုံးသပ်သွားမည်ဖြစ်ကြောင်းနှင့် ယခုလာရောက်တွေ့ဆုံသည့် အရပ်ဘက်အဖွဲ့အစည်း များအပါအဝင် အခြားသောအရပ်ဘက်အဖွဲ့အစည်းများကိုလည်း ဖိတ်ခေါ်၍ အကြံပြုချက်များ တောင်းခံသွားမည် ဖြစ်ကြောင်း ကတိပြုပြောကြားခဲ့ပါသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင်နှင့်အတူ တာဝန်ရှိသူများနှင့် တွေ့ဆုံရာတွင်လည်း ဝန်ကြီးက - ဝန်ကြီးဌာနအနေဖြင့် ဆက်သွယ်ရေးဥပဒေကို အသုံးပြုကာ အသရေ ဖျက်မှုဖြင့် ဖမ်းဆီးအရေးယူနေမှုများနှင့် ထိုသို့အရေးယူနိုင်ရန် ဝန်ကြီးဌာနအား "ကြိုတင်ခွင့်ပြုမိန့်" တောင်းခံခြင်းများနှင့် ပတ်သက်၍ သုံးသပ်ကာ၊ ဥပဒေဆိုင်ရာပြင်ဆင်နိုင်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် အစိုးရအဖွဲ့သို့ အကြံပြုတင်ပြထားပါကြောင်းနှင့် ပူးပေါင်းအဖွဲ့၏ ပုဒ်မ ၆၆ (ဃ)ပယ်ဖျက်ရေး တောင်းဆိုချက်ကိုလည်း ထည့်သွင်းဆွေးနွေးသွားမည် ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်သွယ်ရေးဥပဒေပြင်ဆင်ရေး၊ ပုဒ်မ ၆၆ (ဃ)ဖျက်သိမ်းရေးပူးပေါင်းအဖွဲ့အနေဖြင့် တောင်းဆိုချက်များရရှိရန် သတင်းမီဒီယာအပါအဝင် အခြားအရပ်ဘက်အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ကာ အစိုးရအဖွဲ့၊ လွှတ်တော်တို့နှင့်အတူ ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**<u>အသေးစိတ်သိရှိနိုင်ရန်အတွက် ဆက်သွယ်ရန်</u>**

- ဒေါ်ဇာခြည်ဦး (PEN Myanmar) - ၀၉၇၉၅၃၈၀၇၄၅
- ဒေါ်ဝေဖြိုးမြင့် (MCRB) - ၀၉၇၉၅၃၃၃၈၃၁
- မောင်ဆောင်းခ - ၀၉၇၇၃၉၃၇၂၇၃
- ဒေါ်ထိုက်ထိုက်အောင် (MIDO)- ၀၉၄၃၀ ၂၅၅၂၉